# NAPLAN ၂၀၂၆

## မိဘအုပ်ထိန်းသူများအတွက် ထုတ်ပြန်ချက်



## ကျောင်းသားကျောင်းသူများ အဘယ်ကြောင့် NAPLAN ကို ဖြေဆိုကြသနည်း။

နိုင်ငံလုံးဆိုင်ရာ စီစစ်ရေးအစီအစဉ် စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု (NAPLAN) ဆိုသည်မှာ 3 တန်း၊ 5 တန်း၊ 7 တန်းနှင့်၊ 9 တန်း ကျောင်းသားကျောင်းသူများ၊ နှစ်စဉ် ဖြေဆိုကြသည့် စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု စီစစ်ခြင်း အစီအစဉ်ဖြစ်ပါသည်။ ဤစီစစ်မှုသည် ဩစတြေးလျားနိုင်ငံသား ကျောင်းသားကျောင်းသူများ ဖြေဆိုရန် အခွင့်အရေးရကြသည့် တစ်ခုတည်းသော နိုင်ငံလုံးဆိုင်ရာ စီစစ်မှုဖြစ်ပါသည်။

ကျောင်းသားကျောင်းသူများ မိမိတို့ စာသင်နှစ်များကို ဖြတ်သန်းတိုးတက်သွားကြရာတွင် သူတို့သည် စာဖတ်ခြင်း၊ စာပေရေးသားခြင်းနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှုပိုင်းတွင် မည်မျှ ကျွမ်းကျင်မှုရှိကြကြောင်း စစ်ဆေးရန် အရေးကြီးပါသည်။

NAPLAN သည် ကျောင်းသားကျောင်းသူများ မိမိတို့ကျောင်း၏ သင်ရိုးညွှန်းတမ်းအရ သင်ယူနေသည့် စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှုများကို စီစစ်ပြီး၊ မိဘများနှင့် စောင့်ရှောက်သူများအား မိမိတို့၏ကလေး တတ်ကျွမ်းမှုအဆင့်ကို နိုင်ငံလုံးဆိုင်ရာအဆင့်နှင့် နှိုင်းယှဉ်သိရှိစေပါသည်။

NAPLAN သည် ကျောင်း၏ စီစစ် စစ်ဆေးခြင်းနှင့် အသိပေးအကြောင်းကြားခြင်းပြုသည့် လုပ်ငန်းစဉ်များအနက် တစ်ခုဖြစ်ပါသည်။ ၎င်းသည် ဆရာဆရာမများက မပြတ်လုပ်ဆောင်နေသည့် ကျောင်းသားကျောင်းသူ စွမ်းဆောင်နိုင်မှု စီစစ်အကဲဖြတ်ခြင်းကို အစားထိုးခြင်းမပြုပါ၊ သို့သော် ၎င်းက ဆရာဆရာမများအား ကျောင်းသားကျောင်းသူ၏ ပညာရေးဆိုင်ရာ တိုးတက်မှုကို ပိုမို ပံ့ပိုးပေးနိုင်ပါသည်။

NAPLAN သည် ကျောင်းများ၊ ပညာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစိုးရများကို ပညာရေးဆိုင်ရာအစီအစဉ်များ မည်သို့ လက်တွေ့ လုပ်ဆောင်နေကြကြောင်းနှင့် ဩစတြေးလျှန်းလူငယ်များ စာပေတတ်မြောက်မှုနှင့် အတွက်အချက်တတ်ကျွမ်းမှုတို့တွင် အရေးကြီးသည့် ပညာရေးဆိုင်ရာ ရလဒ်များ ရနေခြင်း ရှိ၊မရှိကိုလည်း သိနိုင်စေပါသည်။

## သင့်ကလေးသည် NAPLAN စာမေးပွဲများကို အွန်လိုင်း ဖြေဆိုရပါမည်။

အွန်လိုင်း NAPLAN စာမေးပွဲများသည် တိကျသော အောင်စာရင်းကို ရရှိစေရန် ပုံစံထုတ်ထားပြီး ကျောင်းသားကျောင်းသူများအတွက်လည်း ဆွဲဆောင်မှု ရှိပါသည်။ စာမေးပွဲများသည် လိုအပ်ချက်နှင့်အံဝင်ခွင်ကျ (လိုက်လျောညီထွေ) ဖြစ်အောင် စီမံထားသည်၊ ဆိုလိုသည်မှာ စာမေးပွဲတစ်ခုစီသည် ကျောင်းသားကျောင်းသူ၏ တုန့်ပြန်မှုအပေါ် မူတည်ပြီး ပို၍လွယ်ကူခြင်း၊ ပို၍ခက်ခြင်း ဖြစ်စေနိုင်သည့် မေးခွန်းများ ပါရှိပါသည်။ ဤသို့ပြုလုပ်ခြင်းက စီစစ်အကဲဖြတ်ခြင်းတွင် ကျောင်းသားကျောင်းသူကို ဆက်လက်ပြီး စိတ်ပါဝင်စားစေပါသည်။

လိုအပ်ချက်နှင့်အံဝင်ခွင်ကျ ဖြစ်အောင် စီမံထားသည့် မေးခွန်းများသည် ကျောင်းသားကျောင်းသူ၏ စွမ်းရည်အမျိုးမျိုးကို စီစစ်နိုင်ပြီး သူ၏ အောင်မြင်ဖြစ်ထွန်းမှုကိုလည်း ပိုမိုတိကျစွာ တိုင်းတာဖြစ်စေသည်။ ကျောင်းသားကျောင်းသူ၏ စုစုပေါင်း NAPLAN ရမှတ်သည် သူ မှန်ကန်စွာဖြေဆိုနိုင်သည့် မေးခွန်းများနှင့် ခက်ခဲနက်နဲမှုအပေါ် မူတည်ပါသည်။ သင့်ကလေးက မေးခွန်းများ ခက်ခဲသည်ဟုဆိုပါက သင် စိတ်ပူရန် မလိုအပ်ပါ၊ သူသည် ပိုမိုရှုပ်ထွေးနက်နဲသော မေးလွန်းအစုံကို ဖြေဆိုနေခြင်းဖြစ်နိုင်ပါသည်။

3 တန်းကျောင်းသားကျောင်းသူအားလုံးသည် စာရေးသားမှုစီစစ် စစ်ဆေးခြင်းကို စာရွက်ပေါ်တွင် ရေးဖြေ ဖြေဆိုရပါမည်။

## NAPLAN စာမေးပွဲများက ဘာကို စီစစ်စစ်ဆေးသနည်း။

NAPLAN ကျောင်းသားကျောင်းသူများ မိမိတို့ကျောင်း၏ သင်ရိုးညွှန်းတမ်းအရ သင်ယူနေသည့် စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု ကျွမ်းကျင်မှုများကို စီစစ်စစ်ဆေးသည်။

ကျောင်းသားကျောင်းသူများက စာပေရေးသားခြင်း၊ စာဖတ်ခြင်း၊ ဘာသာစကားရပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (စာလုံးပေါင်း၊ သတ်ပုံသတ်ညွှန်းနှင့် ပုဒ်ဖြတ်ပုဒ်ရပ်များ) နှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု ပိုင်းဆိုင်ရာ စာမေးပွဲကို ဖြေဆိုကြသည်။ မေးခွန်းများသည် ဩစတြေးလျားနိုင်ငံလုံးဆိုင်ရာ သင်ရိုးညွှန်းတမ်း (Australian Curriculum: English and Mathematics) (အင်္ဂလိပ်စာနှင့် သင်္ချာ)နှင့် လိုက်လျောညီထွေသော အကြောင်းအရာများကို စစ်ဆေးပါသည်။

အစိုးရ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော ပညာရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အားလုံးက NAPLAN စာမေးပွဲဆိုင်ရာ မေးခွန်းပြုစုခြင်းတွင် ပါဝင်ပံ့ပိုးကြသည်။

NAPLAN နှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက **nap.edu.au** တွင်ကြည့်ပါ။

## NAPLAN တွင် ပါဝင်ဖြေဆိုခြင်း

NAPLAN သည် 3 တန်း၊ 5 တန်း၊ 7 တန်းနှင့်၊ 9 တန်း ကျောင်းသားကျောင်းသူများအားလုံးအတွက် ဖြစ်သည်။ ACARA သည် NAPLAN အတွက် အလွန်အကျွံ ပြင်ဆင်လေ့ကျင့်ခြင်း သို့မဟုတ် အနီးကပ် သင်ကြားပို့ချသူများအား အသုံးပြုခြင်းကို အားမပေးပါ။

မျိုးမတူကွဲပြားခြားနားသော မသန်မစွမ်းမှုနှင့် လိုအပ်ချက်များ ရှိကြသည့် ကျောင်းသားကျောင်းသူများအတွက် ပြင်ဆင် ကိုက်ညှိချက်များဆိုင်ရာ သိကောင်းစရာများကို **National protocols for test administration** တွင် ရရှိနိုင်ပါသည်။

ကျောင်းများသည် မသန်မစွမ်းမှုရှိသည့် ကျောင်းသားကျောင်းသူ တစ်ယောက်ခြင်းစီအတွက် ဖြစ်ရပ်တစ်ခုခြင်းစီအနေနှင့် မိဘများ၊ စောင့်ရှောက်သူများနှင့် ကျောင်းသားများ ဆီလျော်သော ကိုက်ညှိမှုများပြုလုပ်ကာ NAPLAN ဝင်ရောက်ဖြေဆိုနိုင်စေရန် လိုအပ်ချက်များအား ဖြည့်ဆီးပေးဖို့ လိုအပ်ပါသည်။

ထိုဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး သိကောင်းစရာများ သိရှိရန် သင့်အနေနှင့် အထက်ပါ စာမေးပွဲ လုပ်ဆောင်မှုများအတွက် နိုင်ငံလုံးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (အထက်မှ အပိုဒ်နှင့် ချိတ်ဆက်ထားသည်)၊ **NAPLAN public demonstration site (NAPLAN အများပြည်သူအတွက် သရုပ်ပြခြင်း နေရာ)**၊ **Guide for schools to assist students with disability to access NAPLAN (မသန်မစွမ်းမှုရှိသည့် ကျောင်းသားကျောင်းသူများ NAPLAN ကို ဝင်ရောက်ကြည့်ရှုရာတွင် အထောက်အကူပြုရန် ကျောင်းများအတွက် လမ်းညွှန်)** တို့တွင် ကြည့်နိုင်ပါသည် သို့မဟုတ် ကျွန်ုပ်တို့၏ **series of videos (ဗစ်ဒီယို စီးရီးများ)** ကို မိဘများ/စောင့်ရှောက်သူများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ NAPLAN ကိုက်ညှိမှုများပြုလုပ်ခြင်းကို အသုံးပြုမှုအပေါ် မိမိတို့၏အတွေ့အကြုံများ ဖလှယ်ကြသည်ကို ဝင်ရောက်ကြည့်ရှုနိုင်ကြပါသည်။

ထူးခြားသည့်အခြေအနေများတွင် စီစစ်အကဲဖြတ်ခြင်းတွင် ပါဝင်နိုင်စွမ်းကို အလွန်အမင်း အဟန့်အတားဖြစ်နေသော မသန်မစွမ်းမှုရှိသည့် ကျောင်းသားကျောင်းသူ သို့မဟုတ် မကြာသေးမီကမှ ဩစတြေးလျားနိုင်ငံကိုရောက်ရှိပြီး အင်္ဂလိပ်ဘာသာစကားမပြောသည့် နောက်ခံဘဝမှလာသူဖြစ်နေပါက တရားဝင် ကင်းလွတ်ခွင့် ပြုပေးနိုင်ပါသည်။

သင့်ကျောင်းအုပ် သို့မဟုတ် ဒေသဆိုင်ရာ စာမေးပွဲစီစစ်မှုဆိုင်ရာ အုပ်ချုပ်မှုတာဝန်ခံသည် မသန်မစွမ်းမှုရှိသည့် ကျောင်းသားကျောင်းသူများအတွက် တရားဝင် ကိုက်ညှိမှုများ သို့မဟုတ် တရားဝင် ကင်းလွတ်ခွင့် ရရှိရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပေးနိုင်ပါလိမ့်မည်။

## NAPLAN စာမေးပွဲရက်များတွင် ကျွန်ုပ်၏ကလေးက ကျောင်းပျက်နေလျှင် ဘာဖြစ်မည်နည်း။

ဖြစ်နိုင်ပါက ကျောင်းများသည် စစ်ဆေးစီစစ်သည့်အချိန်တွင် ပျက်ကွက်ခဲ့သော ကျောင်းသားကျောင်းသူတစ်ဦးခြင်းစီကို ကျောင်း၏ စာမေးပွဲ အချိန်ဇယားအတွင်း နောက်တစ်ချိန်တွင် ပြန်လည်ဖြေဆိုနိုင်ရန် စီစဉ်ပေးနိုင်ပါလိမ့်မည်။

## ကျွန်ုပ်၏ကလေးကို ကူညီပံ့ပိုးရန် ကျွန်ုပ် ဘာလုပ်နိုင်သနည်း။

ကျောင်းသားကျောင်းသူများသည် NAPLAN စာမေးပွဲများအတွက် စာကျက်ရန် မလိုအပ်ပါ။ သင့်အနေနှင့် မိမိကလေးကို NAPLAN သည် ကျောင်း၏ အစီအစဉ်တစ်ခုသာဖြစ်ကြောင်းနှင့် မိမိအကောင်းဆုံး ဖြေဆိုရန်သာ လိုအပ်ကြောင်း အသိပေး၍ အားပေးရန် လိုအပ်ပါသည်။ NAPLAN ဆိုင်ရာ သိကောင်းစရာ ရှင်းလင်းချက်အချို့သည် ထိုစာမေးပွဲများ၏ ပုံစံကို ကျောင်းသားကျောင်းသူနားလည်ပြီး သက်သောင့်သက်သာဖြစ်စေရန် အသုံးဝင်သည်။ သို့သော် မိဘများ/စောင့်ရှောက်သူများအနေနှင့် လိုက်နာလုပ်ဆောင်ရန် မလိုအပ်ပါ။ ကျောင်းဆရာ၊ဆရာမများသည် ကျောင်းသားကျောင်းသူများ မေးခွန်းအမျိုးအစားများနှင့် ပတ်သက်ပြီး အကျွမ်းတဝင်ဖြစ်စေရန် သေချာစေမည်ဖြစ်ပြီး ဆီလျော်သော ကူညီပံ့ပိုးမှုနှင့် လမ်းညွှန်မှုများ ပေးသွားကြမည်ဖြစ်သည်။

ACARA သည် NAPLAN အတွက် အလွန်အကျွံ ပြင်ဆင်လေ့ကျင့်ခြင်း သို့မဟုတ် အနီးကပ်သင်ကြားပို့ချသူများအား အသုံးပြုခြင်းကို အားမပေးပါ။

မေးခွန်းအမျိုးအစားများနှင့် ရရှိနိုင်သည့် ကိရိယာများကို **NAP - Public demonstration site** တွင် ရှိသည့် အွန်လိုင်း NAPLAN စာမေးပွဲများ တွင် ကြည့်ပါ။

## ကျွန်ုပ်၏ကလေး စွမ်းဆောင်မှုကို မည်ကဲ့သို့ အသိပေး အကြောင်းကြားသနည်း။

NAPLAN စာမေးပွဲ အောင်စာရင်းများသည် ကျွမ်းကျင်မှုအဆင့်နှင့်အတူ အသိပေး အကြောင်းကြားပါသည်။ အဆင့်တိုင်းတွင် စီစစ်မှုအပိုင်းတိုင်း၌ စံချိန်စံညွှန်းတစ်ခုစီ ရှိကြပါသည်။ ကျွမ်းကျင်မှုအဆင့်ဆိုင်ရာ စံချိန်စံညွှန်းသည် ကျောင်းသားကျောင်းသူ၏ စွမ်းဆောင်နိုင်မှုကို ရှင်းလင်းပြတ်သားသော အချက်အလက်များ ပံ့ပိုးပေးပါသည်။ ထို စံချိန်စံညွှန်းများသည် ကုန်ဆုံးခဲ့သောနှစ်အတွင်း ကျောင်းမှာသင်ကြားခဲ့ရသည်များကို အခြေခံကာ NAPLAN စာမေးပွဲ စစ်ဆေးချိန်တွင် ကလေးမှာ ရှိသင့်ရှိထိုက်သည်ဟု အခြေခံအားဖြင့် မျှော်လင့်ထားသည့် ထိုက်သင့်လျော်ညီသော အဆင့်ရှိသည့် စိန်ခေါ်မှုအဖြစ် ပုံစံထုတ်ထားပါသည်။

ကျောင်းသားကျောင်းသူ၏ စွမ်းဆောင်နိုင်မှုကို ကျွမ်းကျင်မှုအဆင့် 4 ဆင့်နှင့် နှိုင်းယှဉ်ကာ အသိပေး အကြောင်းကြားပါသည် - ရှိသင့်သည်ထက် သာလွန်သည်၊ အားကောင်းသည်၊ သင်ယူတိုးတက်နေဆဲနှင့် နောက်ထပ် ကူညီပံ့ပိုးမှုလိုအပ်သည် ဟူသော အဆင့်များဖြစ်ကြပါသည်။

ကျောင်းသူကျောင်းသားတစ်ဦးစီ၏ NAPLAN အစီရင်ခံစာကို သင့်ကလေး၏ကျောင်းက နှစ်ကုန်ပိုင်းတွင် ပေးပါလိမ့်မည်။ အကယ်၍ သင် အစီရင်ခံစာကို မရရှိပါက သင့်အနေနှင့် ကျောင်းကို ဆက်သွယ်မေးမြန်းသင့်ပါသည်။ အကူအညီ ထပ်မံလိုအပ်ပါက၊ သင်သည် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် နယ်မြေ စာမေးပွဲစီမံခန့်ခွဲရေးအာဏာပိုင်ထံ ဆက်သွယ်သင့်သည်။ ACARA သည် တစ်ဦးချင်းအတွက် အောင်စာရင်းများကို မပေးနိုင်ပါ။

## NAPLAN အောင်စာရင်းများကို မည်ကဲ့သို့ အသုံးပြုသနည်း။

- ကျောင်းသားကျောင်းသူများ၊ မိဘများနှင့်အုပ်ထိန်းသူများသည် တစ်ဦးခြင်းစီ၏ အောင်စာရင်းကို အသုံးပြုပြီး တိုးတက်မှုကို ဆရာ၊ဆရာမများနှင့် ဆွေးနွေးနိုင်ကြပါသည်။
- ဆရာ၊ဆရာမများက အောင်စာရင်းကို အသုံးပြုပြီး မည်သည့်ကောင်းသားကျောင်းသူက ပိုမိုခက်ခဲသော စိန်ခေါ်မှုများလိုအပ်ကြောင်း သို့မဟုတ် နောက်ထပ် ကူညီပံ့ပိုးမှု လိုအပ်ကြောင်းကို လေ့လာဖော်ထုတ်သည်။
- ကျောင်းများက အောင်စာရင်းများကိုအသုံးပြုပြီး အားသာချက်များနှင့် သင်ကြားရေးဆိုင်ရာ အစီအစဉ်များ ပိုမိုတိုးတက်ရန် လိုအပ်နေသည့်အပိုင်းများအပြင် စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု အပိုင်းများအတွက် ရည်မှန်းချက်များ ချမှတ်ရန် အသုံးပြုကြပါသည်။
- ကျောင်းများ၏ သင်ကြားရေးစနစ်များက အောင်စာရင်းများကို အသုံးပြုပြီး ကျောင်းများကို ချပေးထားသည့် အစီအစဉ်များနှင့် ပံ့ပိုးမှုများ၏ ထိရောက်မှုကို ပြန်လည်စိစစ်သုံးသပ်နိုင်ကြပါသည်။
- လူမှုအဖွဲ့အစည်းကလည်း အချိန်ကာလတစ်ခုတွင် ကျောင်းအသီးသီး၏ စွမ်းဆောင်နိုင်မှုနှင့်ပတ်သက်သော အချက်အလက်များကို **myschool.edu.au** ၌ မြင်တွေ့နိုင်ကြပါသည်။

## ကျွန်ုပ် မည်သည့်နေရာတွင် သိကောင်းစရာများ ပိုမိုရရှိနိုင်သနည်း။

NAPLAN နှင့်ပတ်သက်ပြီး ပိုမိုသိရှိရန်အတွက် -

- သင့်ကလေး၏ကျောင်းကို ဆက်သွယ်ပါ။
- **nap.edu.au/TAA** တွင် သင်မြို့နယ် စာစစ် အာဏာပိုင်အဖွဲ့ (Local test administration authority) ကို ဆက်သွယ်ပါ။
- **nap.edu.au** ကို ဖွင့်ကြည့်ပါ။

ACARA က NAPLAN အတွက် ကိုယ်ရေးအချက်အလက်များ မည်ကဲ့သို့ ကိုင်တွယ်ထိန်းသိမ်းကြောင်း သိရှိလိုပါက **nap.edu.au/naplan/privacy** တွင် ဖတ်ကြည့်ပါ။

### NAPLAN အချိန်စာရင်း

NAPLAN စာမေးပွဲများ ဖြေဆိုနိုင်ရန် ကာလသည် 9 ရက် ဖြစ်ပါသည်။ ဤသို့ပြုရခြင်းမှာ အချိန်တိုကာလအတွင်း စာမေးပွဲများကို ကျင်းပနိုင်စွမ်းမရှိသည့် ကျောင်းများအတွက် အဆင်ပြေစေရန် ဖြစ်ပါသည်။ **NAPLAN စာမေးပွဲများ ဖြေဆိုနိုင်ရန် ကာလသည် 2026 ခုနှစ် မတ်လ 11 ရက် ဗုဒ္ဓဟူးနေ့မှာစတင်ပြီး 2026 ခုနှစ် မတ်လ 23 ရက် တနင်္လာနေ့တွင် ပြီးဆုံးပါမည်။** ကျောင်းများအနေနှင့် စာမေးပွဲများ ဖြေဆိုနိုင်ရန် ကာလဘောင်အတွင်း ကျင်းပနိုင်ရေးအတွက် ပထမပတ်ကို **အဓိက ဦးစားပေးရမည်ဖြစ်ပြီး** အမြန်ဆုံးစီစဉ်လိမ့်မည်။

| စာမေးပွဲ | စာမေးပွဲအတွက် စီစဉ်မှုဆိုင်ရာ လိုအပ်ချက်များ | ကြာမြင့်ချိန် | စာမေးပွဲ အမျိုးအမည် |
|---|---|---|---|
| **စာအရေးအသား** | 3 တန်း ကျောင်းသားကျောင်းသူများသည် ပထမနေ့ (Day 1) တွင်သာ စာအရေးအသား စာမေးပွဲကို ရေးဖြေ **ဖြေဆိုရမည်**။<br>5 တန်း၊ 7 တန်းနှင့် 9 တန်း ကျောင်းသားကျောင်းသူများသည် စာအရေးအသား စာမေးပွဲကို ပထမနေ့ (Day 1) တွင် **မဖြစ်မနေ စတင်ရမည်**။ (ကျောင်းများက စာအရေးအသား စာမေးပွဲကို ပထမနေ့ (Day 1) အတွင်း ပြီးအောင်ဆောင်ရွက်ရမည်၊ ဒုတိယနေ့ (Day 2) ကို နည်းပညာပိုင်းဆိုင်ရာ / စက်မှုပိုင်းဆိုင်ရာ ကန့်သတ်ချက်၊ အခက်အခဲများ ရှိနေမှသာလျှင် အသုံးပြုရန်) | 3 တန်း - 40 မိနစ်<br>5 တန်း - 42 မိနစ်<br>7 တန်း - 42 မိနစ်<br>9 တန်း - 42 မိနစ် | ကျောင်းသားကျောင်းသူများကို စာရေးသားရန် လှုံ့ဆော်မှု (writing stimulus) သို့မဟုတ် ထောက်ပေးခြင်း (prompt) ဟုခေါ်သည့် အတွေးခေါ်တစ်ခု သို့မဟုတ် ခေါင်းစဉ်တစ်ခု ပေးပြီးနောက် တုန့်ပြန်ချက်ကို သီးခြား သရုပ်ဖော်ချက် (ပုံပြောသည့်သဘော သို့မဟုတ် ဆွဲဆောင်သည့်သဘော) ဖြင့် ရေးခိုင်းသည်။ |
| **စာဖတ်ခြင်း** | စာရေးသားခြင်းဆိုင်ရာ စာမေးပွဲအပြီးတွင် ဖြေဆိုရန် | 3 တန်း - 45 မိနစ်<br>5 တန်း - 50 မိနစ်<br>7 တန်း - 65 မိနစ်<br>9 တန်း - 65 မိနစ် | ကျောင်းသားကျောင်းသူများက အသိပညာပေးပိုင်း၊ စိတ်ကူးစိတ်သန်းဆိုင်ရာအပိုင်းနှင့် ကြော်ငြာများကဲ့သို့ ဆွဲဆောင်မှုရှိသော စာသားများကိုဖတ်ပြီး သက်ဆိုင်ရာမေးခွန်းများကို ဖြေကြသည်။ |
| **ဘာသာစကား ရပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** | စာဖတ်ခြင်းဆိုင်ရာ စာမေးပွဲအပြီးတွင် ဖြေဆိုရန် | 3 တန်း - 45 မိနစ်<br>5 တန်း - 45 မိနစ်<br>7 တန်း - 45 မိနစ်<br>9 တန်း - 45 မိနစ် | ကျောင်းသားကျောင်းသူများကို စာလုံးပေါင်း၊ သတ်ပုံသတ်ညွှန်းနှင့် ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတများထည့်ခြင်းတို့ကို စစ်ဆေးသည်။ |
| **အတွက်အချက် ကိန်းဂဏန်းများ ဆိုင်ရာ တတ်ကျွမ်းမှု** | ဘာသာစကားရပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စာမေးပွဲအပြီးတွင် ဖြေဆိုရန် | 3 တန်း - 45 မိနစ်<br>5 တန်း - 50 မိနစ်<br>7 တန်း - 65 မိနစ်<br>9 တန်း - 65 မိနစ် | ကျောင်းသားကျောင်းသူများကို နံပါတ် နှင့် အက္ခရာသင်္ချာ၊ အတိုင်းအတာများ နှင့် ဂျဲကြော်မေထရီ၊ နှင့် ကိန်းဂဏန်းများနှင့် ဖြစ်နိုင်ခြေ ဆိုင်ရာအပိုင်းများကို စစ်ဆေးသည်။ |